အမျိုးသားကျန်းမာရေးအာမခံစနစ်



အမျိုးသားကျန်းမာရေးအာမခံသည်ဗျားနာ၊ထိခိုက်ဒဏ်ရာရခြင်းတို့အတွက်ဆေးကုသစရိတ်သက်သာစေရန်အာမခံကြေးပေးသွင်းခြင်းဖြင့်ဆေးရုံ၊ဆေးခန်းနှင့်ဆေးဆိုင်များတွင်ကုန်ကျစရိတ်သက်သာစေသည့်စနစ်ဖြစ်ပါသည်။ဂျပန်နိုင်ငံတွင်နေထိုင်ခွင့်ကာလ၃လထက်ပိုသောနိုင်ငံခြားသားများလည်း(ဆေးကုသရန်နှင့်ခရီးသွားရန်လာရောက်သူများမှအပ)မဖြစ်မနေဝင်ရောက်ရပါမည်။ကျန်းမာရေးအာမခံကတ် (資格確認書)ကို**အာမခံဝင်ရောက်သူတိုင်းထံတစ်ကဒ်**ပို့ပေးပါသည်။ ဂျပန်နိုင်ငံမှပြန်လည်ထွက်ခွာသည့်အခါမြို့နယ်ရုံးသို့ ပြန်လည်အပ်နှံပေးပါရန်မေတ္တာရပ်ခံအပ်ပါသည်။

အာမခံမှရရှိနိုင်သောအကျိုးခံစားခွင့်များ

၁။ဗျားနာ၊ထိခိုက်ဒဏ်ရာရခြင်းကြောင့်ဆေးကုသပါကကျန်းမာရေးအာမခံကတ်ကိုပြလျှင်ဆေးကုသစရိတ်၏ ၃၀ %ကိုသာ ပေးဆောင်ရပါမည်။

၂။ဆေးကုသစရိတ်ပမာဏသည် သတ်မှတ်ထားသည့်အများဆုံးပမာဏထက် ကျော်လွန်ပါက ကျော်လွန်သည့်ငွေပမာဏကို ပြန်လည်ထုတ်ပေးပါသည်။

၃။ အာမခံဝင်ထားသူကလေးမွေးဖွားသို့မဟုတ်ကွယ်လွန်သည့်အခါသတ်မှတ်ထောက်ပံ့ကြေးကိုပေးအပ်ပါသည်။

ဂျပန်နိုင်ငံပြင်ပတွင်ကလေးမွေးဖွားမည်ဆိုပါကကြိုတင်၍သက်ဆိုင်ရာ မြို့နယ်ရုံးသို့ ဆွေးနွေးမေးမြန်းပါရန် မေတ္တာရပ်ခံအပ်ပါသည်။

မဖြစ်မနေလုပ်ဆောင်ရမည့်အချက်များ



အမျိုးသားကျန်းမာရေးအာမခံဝင်ရောက်ခြင်း **ဘယ်အချိန်?** ဟိဂရှိဟိရိုးရှိးများကိုပြောင်းသည့်အချိန် **ဘယ်နေရာ?** မြို့နယ်ရုံးမည်သည့်အချိန်တွင်အကြောင်းကြား ဖြစ်စေ၊ အာမခံဝင်ရောက်သည့်ရက်စွဲ (*) သည် အခြားမြို့နယ်မှပြောင်းလာသည့်နေ့ဖြစ်ပါသည်။
ထိုလမှစ၍အာမခံအခွန်စတင်ကျသင့်ပြီးအကြောင်းကြားမှုနောက်ကျပါကယခင်လများအတွက်အခွန်ကိုပါပြန်လည်ပေးဆောင်ရပါမည်။
*အလုပ်ခွင်ကျန်းမာရေးအာမခံမှ အမျိုးသားကျန်းမာရေးအာမခံသို့ ပြောင်းလဲပါကအာမခံဝင်ရောက်သည့်ရက်စွဲသည် အလုပ်ခွင်ရှိကျန်းမာရေးအာမခံမှနုတ်ထွက်သည့်နေ့ဖြစ်ပါသည်။ပြောင်းရွှေ့သည့်အခါ စာတိုက်သို့ နေရပ်လိပ်စာပြောင်းရွှေ့ကြောင်း အကြောင်းကြားပါ။
အင်တာနက်မှလည်း ဆောင်ရွက်နိုင်ပါသည်။

အာမခံမှနှုတ်ထွက်ခြင်း **ဘယ်အချိန်?** အခြားမြို့သို့ပြောင်းခြင်းသို့မဟုတ်မိမိနိုင်ငံပြန်ခြင်း **ဘယ်နေရာ?** မြို့နယ်ရုံး



အခြားမြို့သို့ပြောင်းရွှေ့ခြင်း၊မိမိနိုင်ငံပြန်ခြင်းရှိပါကမြို့နယ်ရုံးတွင်အမြန်ဆုံးလုပ်ထုံးလုပ်နည်းများကိုဆောင်ရွက်ပါ။ပြောင်းရွှေ့သို့မဟုတ် နိုင်ငံပြန်မည့်လနောက်ပိုင်းကျသင့်သည့်အခွန်ကိုကြိုတင်ပေးဆောင်ထားမိပါကပြန်လည်ရရှိရန်ခက်ခဲနိုင်ပါသည်။
ထို့အပြင် လုပ်ထုံးလုပ်နည်းများကိုမဆောင်ရွက်ပါက အာမခံအခွန်ဆက်လက်ကျသင့်နေမည်ဖြစ်ပါသည်။

ယူဆောင်လာရမည့်အရာများ :
- **လာရောက်ဆောင်ရွက်သူ၏နေထိုင်ခွင့်ကတ်(ဇိုင်းလျူးကဒ်)**
- **အိမ်ထောင်ဦးစီးနှင့်ပြောင်းရွှေ့မည့်သူ သို့မဟုတ် နိုင်ငံပြန်မည့်သူ၏မိုင်နံဘာကတ်**
- **ပြောင်းရွှေ့မည့်သူ သို့မဟုတ် နိုင်ငံပြန်မည့်သူ၏ကျန်းမာရေးအာမခံကဒ်**

ထို့အပြင်အလုပ်ခွင်ကျန်းမာရေးအာမခံသို့ဝင်ရောက်သည့်အခါတွင်လည်းအမျိုးသားကျန်းမာရေးအာမခံမှနှုတ်ထွက်ရန်လိုအပ်ပါသည်။

ကျန်းမာရေးအာမခံကဒ် ကြည့်နည်း



- アマンカード右上：アマンカードの有効期限
- アマンカード中央：アマンカードの名前
- アマンカード下：アマンカードの住所

ကျန်းမာရေးအာမခံကတ်၏သက်တမ်းကုန်ဆုံးရက်သည်နေထိုင်ခွင့်သက်တမ်းကုန်ဆုံးရက်၏နောက်တစ်ရက်ဖြစ်တတ်ပါသည်။နေထိုင်ခွင့်သက်တမ်းတိုးပြီးပါကနေထိုင်ခွင့်ကတ်(ဇိုင်းလျူးကတ်)ကိုယူဆောင်၍မြို့နယ်ရုံးသို့လာရောက်ပါ။
တိုခုတေးဗီဇာဖြစ်ပါကတိုခုတေးခစုဒိုးဖြစ်ကြောင်းပြသောနိုင်ငံကူးလက်မှတ်(ပတ်စပို့)ကိုလဲယူဆောင်လာရန်လိုအပ်ပါသည်။

အာမခံအခွန်ပမာဏသတ်မှတ်ပုံ

အာမခံအခွန်ကို အာမခံဝင်ထားသူ၏ ယခင်နှစ်**ချုပ်နိုင်ငံရှိဝင်ငွေ**အပေါ်မူတည်၍တွက်ချက်ပါသည်။
ထို့ကြောင့်ဝင်ငွေတိုးလာပါကနောက်နှစ်အတွက်အာမခံအခွန်လည်းတိုးလာမည်ဖြစ်ပါသည်။ထို့အပြင်အိမ်ထောင်စုအတွင်းအာမခံဝင်ထားသူဦးရေများလာပါက အာမခံအခွန်လည်းတိုးလာမည်ဖြစ်သည်။

ဝင်ငွေမရှိသူများနှင့်ကျောင်းသားများလည်း အမျိုးသားကျန်းမာရေးအာမခံအခွန်ကိုပေးဆောင်ရပါမည်။



အာမခံအခွန်ပေးဆောင်နည်း

အာမခံအခွန်ကိုအိမ်ထောင်စုဦးစီးကပေးဆောင်ရပါမည်။
နှစ်စဉ်ဇူလိုင်လတွင်ထိုနှစ်အတွက်အာမခံအခွန်ပမာဏကိုဖော်ပြထားသောအကြောင်းကြားစာနှင့်သြဂုတ်လမှစတင်အသုံးပြုနိုင်သည့်အာမခံကဒ်အသစ်ကိုအိမ်ထောင်စုဦးစီးထံစာတိုက်မှပေးပို့ပါမည်။မရရှိပါက မြို့နယ်ရုံးသို့ဆက်သွယ်ပါ။
ပြေလမ့နောက်နှစ်မတ်လအထိ(၁၂လစာ)ကိုစကြိမ်ခွဲ၍ဘဏ်၊စာတိုက်၊ကွန်ဗီနီတွင်ပေးချေနိုင်ပါသည်။ဘဏ်အကောင့်မှငွေလွှဲခြင်းဖြင့်လည်းပေးချေနိုင်ပါသည်။
၁၂လစာကိုစကြိမ်ခွဲသည့်အတွက် တစ်ကြိမ်လျှင်၁လခွဲခန့်နှင့်ညီမျှပါသည်။(အာမခံအခွန် မပေးဆောင်ရသော ကာလ ၄ လ ရှိပါသည်။)

၂၀၂၆ခုနှစ်ပြေလမှ ၂၀၂၇ခုနှစ်မတ်လအထိ (၁၂လစာ)

အကြိမ်	နောက်ဆုံးပေးဆောင်ရမည့်ရက်	အခွန်ပမာဏ
၁ ကြိမ်	၂၀၂၆ခုနှစ် ၇လပိုင်း ၃၁ရက် (သောကြာ)	
၂ ကြိမ်	၈လပိုင်း ၃၁ရက် (တနင်္လာ)	
၃ ကြိမ်	၉လပိုင်း ၃၀ရက် (ဗုဒ္ဓဟူး)	
၄ကြိမ်	၁၁လပိုင်း ၂ ရက် (တနင်္လာ)	
၅ကြိမ်	၁၁လပိုင်း ၃၀ရက် (တနင်္လာ)	
၆ကြိမ်	၁၂လပိုင်း ၂၅ရက် (သောကြာ)	
၇ကြိမ်	၂၀၂၇ခုနှစ် ၂လပိုင်း ၁ရက် (တနင်္လာ)	
၈ကြိမ်	၃လပိုင်း ၁ရက် (တနင်္လာ)	
စုစုပေါင်း		

ဘဏ်အကောင့်ကိုမှတ်ပုံတင်ပေးပါ

အမျိုးသားကျန်းမာရေးအာမခံခွန်ကိုပုံမှန်အားဖြင့်ဘဏ်မှပေးဆောင်ရပါသည်

လိုအပ်သည်များ : ●ဘဏ်အကောင့် သို့မဟုတ် ဘဏ်ကဒ်●ဘဏ်စာအုပ်တွင်မှတ်ပုံတင်ထားသောတံဆိပ်
မြို့နယ်ရုံး သို့မဟုတ် ဟိဂရှိဟိရိုးရှိးမားအတွင်းရှိဘဏ်များတွင်လုပ်ဆောင်နိုင်ပါသည်။
ဘဏ်ကဒ်တစ်ခုတည်းဖြင့်ဆောင်ရွက်နိုင်သည့်အခါလည်းရှိပါသည်။

သတ်မှတ်ထားသော နောက်ဆုံးရက်အတွင်း အခွန်ပေးဆောင်ပါ။

အခွန်မပေးဆောင်သူများနှင့်အကြောင်းကြားလွှာကိုလစ်လျူရှုသူများသည်ဆေးရုံသို့သွားသည့်အခါကုသစရိတ်၏၃၀%ကိုသာပေးဆောင်ခွင့်ကိုဆုံးရှုံးနိုင်သည့်အပြင်ဘဏ်အကောင့်ထဲမှငွေကိုသိမ်းယူခံရခြင်းနှင့်မိမိ၏ကားကိုအသုံးပြု၍မရနိုင်တော့ခြင်းတို့လည်းဖြစ်နိုင်ပါသည်

ယခင်နှစ်ဝင်ငွေကိုအကြောင်းကြားပါ

ဘယ်အချိန် ? **နှစ်စဉ်၂လပိုင်းသို့မဟုတ် ၅လပိုင်း**

အမျိုးသားကျန်းမာရေးအာမခံအခွန်ကို အာမခံဝင်ထားသူ၏ ယခင်နှစ်ဝင်ငွေအပေါ်မူတည်၍ တွက်ချက်ပါသည်။
ဝင်ငွေသည် သတ်မှတ်ထားသော ပမာဏထက် နည်းပါက အာမခံအခွန်လျှော့ပေါ့ပေးသည့် စနစ်ရှိပါသည်။ သို့သော် ဝင်ငွေကိုတင်ပြမထားပါက ထိုအခွင့်အရေးကို ရရှိမည်မဟုတ်ပါ။ ထို့ကြောင့် ဝင်ငွေရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ဝင်ငွေကိုအကြောင်းကြားတင်ပြပေးပါ။

ဝင်ငွေကြေငြာရန်လိုအပ်သူများထံနှစ်စဉ်ဖေဖော်ဝါရီလသို့မဟုတ်မေလတွင်အကြောင်းကြားစာပေးပို့ပါမည်။ဖြည့်စွက်ပြီးစာအိတ်နှင့်အတူပေးပို့ထားသောပြန်လည်ပေးပို့ရန်စာအိတ်ဖြင့်ပြန်လည်ပေးပို့ပါ။

ဆက်သွယ်ရန်လိပ်စာ : ဟိဂရှိဟိရိုရှိးမားမြို့နယ်ရုံး အမျိုးသားကျန်းမာရေးနှင့်အခွန်ဌာန(国保年金課)

(Tel) ０８２-４２０-０９３３ (Fax) ０８２-４２２-０３３４